**Highlights from DVB Debate's** coal solve lack of electricity **Show**

**April 28th, 2018**

လျှပ်စစ်ဓါတ်အားကို ကျောက်မီးသွေးက ဖြည့်ဆည်းပေးနိုင်မလား?

"ကျောက်မီးသွေးစက်ရုံကိုတည်ဆောက်ပြီး လျှပ်စစ်ထုတ်ရင် အချိန်က ၂ နှစ်ကနေ ၃ နှစ် ၄နှစ်အတွင်း လျှပ်စစ်ရနိုင်မှာဖြစ်လို့ ကျောက်မီးသွေးစက်ရုံကို ရွေးချယ်ရခြင်းဖြစ်တယ်။"

**ဦးစိုးလှိုင် (လျှပ်စစ်နှင့်စက်မှုဝန်ကြီး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ )**

---

" ကျောက်မီးသွေးစက်ရုံကိုတည်ဆောက်တော့မယ်ဆိုရင် ဒီနိုင်ငံကို တံခါးပိတ်စီးပွားရေးစနစ် ကျင့်သုံးမှသာလျှင် ဖြစ်လိမ့်မယ်"

**ဒေါ်ဒေဂီသန့်စင် (တာဝန်ခံ။ မြန်မာအစိမ်းရောင်ကွန်ရက်)**

---

" ဖွံ့ဖြိုးရေးနဲ့ သဘာဝပတ်ဝန်းကျင်ဘာကိုရွေးမလဲဆိုရင် ကျနော့်အနေနဲ့ သဘာဝ ပတ်ဝန်းကျင်ကိုတော့ အပျက်စီး မခံနိုင်ဘူး"

**ဦးအောင်ဖြိုးကျော် ၊ဗဟိုဦးဆောင်ကော်မတီဝင်၊( Myanmar Alliances for Transparency and Accountability)**

---

" အမေရိကန်တစ်နိုင်ငံလုံးသုံးနေတဲ့ လျှပ်စစ်ဓါတ်အားရဲ့ ၃၀%က ကျောက်မီးသွေးကရတာပါ။ သူတို့ ဒီထက်ပိုထုတ်လိမ့်ကြဦးမယ်"

**ဦးစောမိုးမြင့် (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကရင်ပြည်နယ်)**

---

" ဂျပန်နိုင်ငံကိုသွားလေ့လာခဲ့တယ်။ ဂျပန်တွေလည်း လေရှူတယ်။ ငါတို့ လည်းလေရှူတယ်။ သူတို့ ကျောက်မီးသွေးသုံးပြီးတိုးတက်လာတယ်။ သူတို့ က ဆိုးကျိုးများရင် ကျောက်မီးသွေးသုံးပါ့မလား။ သူတို့ က ငါတို့ ထက်ညံ့လို့ ကျောက်မီးသွေးသုံးတာလား "

**စောမြတ်ထွန်း (တိုင်းရင်းသားရေးရာကော်မတီ ၊ ကရင်ပြည်နယ်လွှတ်တော်)**

---

"ကျောက်မီးသွေးစက်ရုံဆောက်တာနဲ့ ပက်သက်ပြီး ပွင့်လင်းမြင်သာမှုနဲ့ စဖို့ တော့လိုတယ်။ ကုမ္ပဏီက လူထုကိုပြတဲ့ ပါဝါပွိုင် Power Point လေးတောင်းတာတောင် ခုထိ ကျနော်တို့ ကို အီးမေးလ်မပို့ သေးဘူး။ အကြီးကြီးလုပ်မယ်ဆိုတဲ့ကုမ္ပဏီတွေကနေ သေးသေးလေးတောင်းဆိုတာတောင် ခုထိအဖြေမပေးသေးဘူး "

စောသာဘိုး (ကျောက်မီးသွေးစက်ရုံကန့် ကွက်သူ )

---

" ရှုရှတို့ ဩစတြေးလျားတို့ ကျောက်မီးသွေးကြောင့်ချမ်းသာခဲ့တာပဲ။ ကျောက်မီးသွေးစက်ခေါင်းကြီးတွေ ၊စက်ရုံကြီးတွေတည်ဆောက်တဲ့နိုင်ငံကလူတွေ သေသွားကြရောလား။ မသေပါဘူး။ အသက်၈၀ ၊ ၉၀ မှသာသေသွားကြတာပါ။ ကျောက်မီးသွေးစက်ရုံကိုမကြောက်ကြပါနဲ့ "

ဦးဂင်းမြင့် (ဘားအံဒေသခံတစ်ဦး )

---

" အရင်က ကျောက်မီးသွေးကိုကန့် ကွက်ခဲ့တယ်။ကျနော်တို့ နိုင်ငံက လျှပ်စစ်မီးမရပါဘူး ။ သူများနိုင်ငံလို မီးလင်းထိန်နေစေချင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ဖို့ လျှပ်စစ်လိုအပ်ပါတယ်။လျှပ်စစ်ရမှုကိုဖြစ်မှာပါ။ "

ကျော်ကျော်မင်း၊ ( ဒေသခံ ပရဟိတလုပ်ငန်းလုပ်ဆောင်နေသူ )

---